# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

July 18 , 2023 | Volume 68, Number 12


၁၈.၇.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၆၃ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၃၆၁.၂ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၈၉.၆ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၇၅၀.၁ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၃၀.၅ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၂.၈၀ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၅၉၇ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၆၆.၄၇ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၆၂.၅၀ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၁.၃၆၈ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## ကြက်သွန်နီဈေးနှုန်းဈေးကွက်အခြေအနေ

မကွေးတိုင်းဒေသကြီးအတွင်း ကြက်သွန်နီကို ပခုက္ကူနှင့်ဆိပ်ဖြူမြို့နယ်တို့တွင် အဓိကစိုက်ပျိုးပြီး ရေစကြို၊ ပေါက်၊ ရေနံချောင်း၊ မြို့သစ်၊ တောင်တွင်းကြီးနှင့် မင်းဘူးမြို့နယ်များရှိ ချောင်းနံဘေးများတွင် ချောင်းကြက်သွန်နှင့် ကုန်းပေါ်တွင်လည်း ကုန်းကြက်သွန်ဆိုပြီးအမျိုးမျိုး စိုက်ပျိုးကြပါသည်။ ၂၀၂၃ခုနှစ်တွင် ကြက်သွန်နီ (၃၇၉၃၁)ဧကစိုက်ပျိုးခဲ့ပြီး တစ်ဧကကုန်ကျစရိတ်မှာ(၁၉၉၀၀၀၀)ကျပ်ကုန်ကျကာ တစ်ဧကလျှင် ပျှမ်းမျှ(၄၀၀၀)ပိဿာထွက်ရှိပါသည်။ ရာသီစိုက်အနေဖြင့် ဆောင်းစိုက်နှင့်မိုးစိုက်ဆိုပြီးလည်း စိုက်ပျိုးကြသည်။ ယခုအခါ ကြက်သွန်နီကို ပြည်တွင်းနှင့် ပြည်ပဈေးကွက်ဝင်ပြီး မြန်မာGAPစိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ စနစ်ဖြင့် စိုက်ပျိုးရန်ရွေးချယ်ထားပါသည်။

ကြက်သွန်နီသည် စားဖိုဆောင်သုံးသီးနှံတွင် မပါမဖြစ်သီးနှံဖြစ်သည့်အပြင် အဟာရတန်ဖိုး ကြွယ်ဝပြီး စွမ်းအင်ကိုဖြစ်စေပါသည်။ ကြက်သွန်နီအဓိက စိုက်ပျိုးသည့်ဆိပ်ဖြူမြို့နယ်တွင် ကြက်သွန်နီတစ်မျိုးတည်းသာ အရောင်းအဝယ်ပြုလုပ်သည့်ကြက်သွန်နီကုန်စည်ဒိုင်အားဖွင့်လှစ်ကာ အရောင်းအဝယ်ပြုလုပ်ကြသည်။

ကြက်သွန်နီကုန်စည်ဒိုင်သို့ ကြက်သွန်နီစိုက်ပျိုးထွက်ရှိရာ ကျေးရွာများမှ လာရောက်ရောင်းချကြရာ တစ်ရက်လျှင် ပိဿာ(၅၀၀၀၀)ကျော် စီးဝင်လျက်ရှိပြီး ဝင်ရောက်လာသည့် ကြက်သွန်နီများကို ရန်ကုန်၊ မန္တလေး၊ ပြည်၊ ပုသိမ်၊ မော်လမြိုင်၊ မြဝတီ၊ ရခိုင်(စစ်တွေ)ဘက်ထိ တင်ပို့ရောင်းချကြပါသည်။ မကွေးတိုင်းဒေသကြီး အနေဖြင့် ပြည်ပသို့ တိုက်ရိုက်တင်ပို့ခြင်းမရှိသော်လည်း မူဆယ်မှတဆင့် တရုတ်နိုင်ငံသို့တင်ပို့လျက်ရှိပါသည်။

ကြက်သွန်နီဈေးနှုန်းများအနေဖြင့် ဇူလိုင်လ(တတိယပတ်)တွင် ကြက်သွန်နီ တစ်ပိဿာလျှင် ကျပ်(၁၇၀၀)မှ (၁၈၀၀)အတွင်းရှိပြီး ပြီးခဲ့သည့်ဇွန်လတွင်ကျပ်(၂၀၂၅)၊ မေလတွင် ကျပ်(၂၁၀၀)၊ ဧပြီလတွင် ကျပ်(၁၆၅၀)၊ မတ်လတွင်ကျပ်(၁၀၅၀)၊ ဖေဖော်ဝါရီလတွင် ကျပ်(၁၁၇၅)၊ ဇန်နဝါရီလ တွင်ကျပ်(၁၅၇၅) တို့ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ယခင်နှစ်ယခုအချိန်တွင် ကြက်သွန်နီ တစ်ပိဿာလျှင် (၁၅၇၅)ကျပ် ဈေးဖြစ်သည့် အတွက် ယခင်နှစ်နှင့် ဈေးနှုန်းနှိုင်းယှဉ်ပါက တောင်သူများ အနေဖြင့် တွက်ခြေကိုက်သော်လည်း သွင်းအားစု စရိတ်များမြင့်တက်မှုကြောင့် အကျိုးအမြတ်နည်းပါး ကြောင်း တောင်သူများထံမှသိရှိရပါသည်။

Source: မကွေးတိုင်းဒေသကြီး-မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

## ကချင်ပြည်နယ်၏ မြန်မာ-တရုတ် နှစ်နိုင်ငံ ကုန်သွယ်မှု တစ်ပတ်အတွင်း နှိုင်းယှဉ်မှု

ကချင်ပြည်နယ်တွင် လွယ်ဂျယ်နှင့် ကံပိုင်တည်နယ်စပ်ကုန်သွယ်ရေး စခန်း များမှ မြန်မာ-တရုတ် နှစ်နိုင်ငံကုန်သွယ်မှုများရှိခဲ့ရာ ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၈ ရက်မှ ၁၄ ရက်

နေ့အတွင်း ကံပိုင်တည်နယ်စပ် ကုန်သွယ်ရေးစခန်းနှင့် လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ တင်ပို့ခဲ့သည့် ကုန်ပစ္စည်းများအနေဖြင့် တစ်သျှုး ၄က်ပျော၊ ဆန်၊ Aluminium Ingot၊ ပြောင်းနှင့် ဆန်ကွဲများ တင်ပို့ခဲ့ပြီး ပို့ကုန်၏ စုစုပေါင်းငွေပမာဏမှာ ၅၅၈၆၈၇.၆၄၀ ကန်ဒေါ်လာ တင်ပို့ခဲ့ရာ ယခင်အပတ် ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၁ ရက်မှ ၇ ရက်နေ့ထိ တင်ပို့ကုန်၏ ငွေပမာဏ ၉၉၇၆၉၈.၈၉၀ ကန်ဒေါ်လာ နှင့် ကာလတူတင်ပို့ကုန်၏ ငွေပမာဏနှိုင်းယှဉ်ပါက ၄၃၉၀၁၁.၂၅ ကန်ဒေါ်လာတန်ဖိုး လျော့နည်း၍ တင်ပို့မှုရှိခဲ့သည်ကိုတွေ့ရပါသည်။

သွင်းကုန်ပစ္စည်းများအနေဖြင့် ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၈ ရက်မှ ၁၄ ရက်နေ့ အတွင်း ဓာတ်မြေဩဇာ များ၊ လယ်ထွန်စက်များ၊ ချည်ထည်များ၊ ပလပ်စတစ်ကုန်ကြမ်းပစ္စည်းများ၊ ဆေးဝါးပစ္စည်းများ၊ ဘတ္တရီအခြောက် များ၊ ဓာတုဗေဒချည်ခင် များ၊ သံနှင့်သံမဏိဆောက်လုပ်ရေး ပစ္စည်းများ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ ကားတာယာ၊ သံပိုက်နှင့် မြက်ခင်းတုများ တင်သွင်းခဲ့ပြီး သွင်းကုန်၏ငွေပမာဏတန်ဖိုးမှာ ၁၂၆၃၀၄၆.၈၁၀ ကန်ဒေါ်လာ တင်သွင်းခဲ့ရာ ယခင်အပတ် ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၁ ရက်မှ ၇ ရက်နေ့ထိ တင်သွင်းကုန်၏ ငွေပမာဏတန်ဖိုး ၁၂၅၇၈၉၂.၄၃၀ ကန်ဒေါ်လာနှင့် ကာလတူတင်သွင်းကုန်၏ ငွေပမာဏ နှိုင်းယှဉ်ပါက ၅၁၅၄.၃၈၀ ကန်ဒေါ်လာ တန်ဖိုး ပိုမို၍ တင်သွင်းခဲ့သည်ကို တွေ့ရပါသည်။

တင်ပို့ကုန်နှင့် တင်သွင်းကုန်တို့၏ ငွေပမာဏများအားနှိုင်းယှဉ်ကြည့်ရာ တင်ပို့ကုန်၏ ငွေပမာဏမှာ ၇၀၄၃၅၉.၁၇ ကန်ဒေါ်လာတန်ဖိုး လျော့နည်းပြီး ကုန်သွယ်မှုပြုခဲ့ကြောင်း ကုန်သွယ်မှု စာရင်းများအရ တွေ့ရပါသည်။ ငွေလဲနှုန်းများမှာ မြန်မာငွေကျပ် ၁၀၀ လျှင် တရုတ်ယွမ် ၀.၃၄၂ ယွမ် ဖြစ်ပြီး၊ ၁ ယွမ် လျှင် မြန်မာကျပ်ငွေ ၂၉၂.၃၉ ကျပ်ရှိကြောင်းသိရှိရပါသည်။

Source: မနေ့ခါမြေ

## လျှပ်စစ်သုံး EV ကား အစီး (၄၀) ရန်ကုန်ဆိပ်ကမ်းသို့ ထပ်မံရောက်ရှိ

ကုမ္ပဏီ (၂) ခုမှ တင်သွင်းလာသည့် လျှပ်စစ်သုံးမော်တော်ယာဉ် အစီး (၄၀) သည် ဇူလိုင်လ ၁၇ ရက်က ရန်ကုန်ဆိပ်ကမ်းသို့ ထပ်မံရောက်ရှိလာခဲ့ကြောင်း သိရသည်။

Grand Sirius Co.,Ltd. မှတင်သွင်းလာသည့် Neta U အမျိုးအစားလျှပ်စစ်သုံးမော်တော်ယာဉ် အစီး (၂၀) နှင့် Asia Pacific Automaker Corporation Co.,Ltd. မှ တင်သွင်းလာသော Seres 3 အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ် အစီး (၂၀)၊ စုစုပေါင်း အစီး ၄၀ သည် ရန်ကုန်ဆိပ်ကမ်းသို့ ထပ်မံရောက်ရှိလာခြင်း ဖြစ်သည်။

အဆိုပါ လျှပ်စစ်သုံးမော်တော်ယာဉ်များအား အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် အကောက်ခွန်ကင်းလွတ်ခွင့်ဖြင့် တင်သွင်းခဲ့ခြင်းဖြစ်ပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သိရသည်။

ယခု ၂၀၂၃ ခုနှစ် ဇွန်လအထိ ပြည်တွင်း၌ ကညန မှတ်ပုံတင်ပြီး လျှပ်စစ်သုံးယာဉ်အမျိုးမျိုး အစီးရေ ၃၂၀၀ ကျော်ရှိပြီဖြစ်ကြောင်း ဇွန်လနောက်ဆုံးပတ်က ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်ခဲ့သော "ပြည်နယ်နှင့် တိုင်းခရိုင်ရုံးများတွင် အမျိုးအစားအလိုက် မှတ်ပုံတင်ထားသော မော်တော်ယာဉ်စာရင်း" အရ သိရသည်။

အဆိုပါ စာရင်းအရ လျှပ်စစ်သုံး မော်တော်ယာဉ် (လူစီး) ၄၆၇ စီး၊ ကုန်တင်ဝန်ပေါ့ယာဉ် (၂) စီး၊ နှစ်ဘီးတပ် ၂၄၇၄ စီး၊ သုံးဘီးတပ် ၂၆၃ စီး၊ စုစုပေါင်း ၃၂၀၆ စီးရှိပြီဖြစ်ကြောင်းနှင့် လူစီးယာဉ်တွင် ဆလွန်း၊ စတေရှင်ဝက်ဂွန်၊ ခရီးသည် ၁၅ ဦးအထက် မိုက္ကရိုဘတ်စ်၊ လိုက်ဗင်န်၊ ဂျစ်၊ Double Cab ယာဉ်များ ပါဝင်ပြီး ကုန်တင်ဝန်ပေါ့ယာဉ်တွင် ပစ်ကပ်၊ Single Cab၊ လိုက်ထရပ်၊ တင်ဆောင်နိုင်အား (၃) တန်နှင့် (၃)တန်အောက် ဗင်န်၊ ထရပ်ယာဉ်များ ပါဝင်ကြောင်း သိရသည်။

နှစ်ဘီးတပ်ယာဉ်တွင် စက်တပ်စက်ဘီး၊ မိုပက်ဆိုင်ကယ်၊ စကူတာဆိုင်ကယ်၊ ရိုးရိုးနှစ်ဘီးတပ်ဆိုင်ကယ်၊ လျှပ်စစ်ဆိုင်ကယ်များ ပါဝင်ပြီး သုံးဘီးတပ်ယာဉ်တွင် သုံးဘီးတပ်မော်တော်ဆိုင်ကယ်၊ လျှပ်စစ်သုံးဘီး ဆိုင်ကယ်နှင့် သုံးဘီးယာဉ်များ ပါဝင်ကြောင်း သိရသည်။

Souce: https://www.popularmyanmar.com/?cat=19

## ရွှေလက်ဝတ်ရတနာများကို အခွန် သုညရာခိုင်နှုန်းဖြင့် တင်ပို့ခွင့်ပြု

ရွှေဖြင့်ပြုလုပ်ထားသည့် လက်ဝတ်ရတနာများကို ပြည်ပနိုင်ငံများသို့ တင်ပို့မည်ဆိုပါက အခွန် သုည ရာခိုင်နှုန်းဖြင့် တင်ပို့နိုင်ပြီဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း (YGEA) ဥက္ကဋ္ဌ ဦးမျိုးမြင့်က ပေါ်ပြူလာနယူးစ်သို့ ပြောသည်။

ယခင်က ပြည်ပနိုင်ငံများသို့ ရွှေဖြင့်ပြုလုပ်ထားသည့် လက်ဝတ်ရတနာ ပစ္စည်းများ တင်ပို့ရာတွင် ပို့ကုန်အခွန် ၁၇ ရာခိုင်နှုန်း ပေးဆောင်ခဲ့ရသော်လည်း ယခုအခါ အခွန်သုညရာခိုင်နှုန်း အထိ လျှော့ချပေးထားကြောင်း သိရသည်။



"အရင်ကတော့ ဂျပန်၊ ကိုရီးယား၊ အာဆီယံ နိုင်ငံတွေကို တင်ပို့တယ်။ အခုကတော့ ခဏနားထားတယ်။ ကမ္ဘာ့ရွှေဈေးတက်နေ လို့"ဟု ၎င်းက ပြောသည်။

ယခုကဲ့သို့ လျှော့ချသတ်မှတ်လိုက်ခြင်းကြောင့် အသေးစား၊ အလတ်စား SME စီးပွားရေးလုပ်ငန်းများနှင့် နိုင်ငံတကာပြပွဲများတွင် လက်ဝတ်ရတနာများ သွားရောက်ပြသရောင်းချရာတွင်လည်း အဆင်ပြေလာနိုင်ကြောင်း သိရသည်။

Source: https://www.popularmyanmar.com/?p=121362

## ထိုင်းသစ်သီးဝလံ တရုတ်ဈေးကွက်ဝေစု ၄၀% ကျော် ရရှိ

ထိုင်းနိုင်ငံသည် တရုတ်ဈေးကွက်သို့ သစ်သီးဝလံတင်ပို့သူများတွင် ဦးဆောင်သူနေရာကို ရရှိထား သည်။ တရုတ်နိုင်ငံ သစ်သီးဝလံဈေးကွက်တွင် ၂၀၂၂ ခုနှစ်မှာ ဈေးကွက်ဝေစု ၄၁ ဒသမ ၃ ရာခိုင်နှုန်းရရှိခဲ့သည်ဟု လက်ထောက်အစိုးရ ပြောရေးဆိုခွင့်ရှိသူ Ratchada Thanadirek က ပြောကြားသည်။ သစ်သီးတင်ပို့မှု ကို တရုတ်နိုင်ငံ၏ နေရာဒေသအနှံ့အပြားသို့ တိုးချဲ့ရန် စီစဉ်နေကြောင်း၎င်းက ပြောကြားသည်။

တရုတ်နိုင်ငံ အကောက်ခွန်ဦးစီးဌာနမှ ထုတ်ပြန်သည့် အချက်အလက်များအရ ထိုင်းနိုင်ငံမှ မန်ကျည်း၊ ကနစို၊ သရက်၊ မာလကာ၊ လိုက်ချီး၊ မင်းဂွတ် အပါအဝင် အသီး ၂၂ မျိုး တင်သွင်းသည်။ ဈေးကွက်ကို ကြီးစိုးထား နိုင်သည့် အသီးများ၏ ဈေးကွက်ဝေစု အသီးသီးကို ကြည့်လျှင် ဒူရင်း ၉၅.၃% ၊ လုံငန်းသီး(တောကြက်မောက်သီး) ၉၉.၃%၊ ကြက်မောက် ၈၆.၈%၊ အုန်းသီး ၆၉.၂% ၊ လိုက်ချီး ၈၂.၄%၊ ကနစို ၁၀၀% ဖြစ်ပါသည်။

သစ်သီးတင်ပို့မှုကို တရုတ်နိုင်ငံ တစ်နိုင်ငံတည်းအပေါ် တည်မှီနေခြင်းအစား အမေရိကန်အပါအဝင် အခြားနိုင်ငံများသို့လည်း တိုးချဲ့တိုးမြှင့်တင်ပို့နိုင်ရန် ထိုင်းအစိုးရက ကြိုးပမ်းဆောင်ရွက်လျက် ရှိသည်။

Source: nationthailand

Source: https://www.foodindustrydirectory.com.mm/food-industry/cuisine/thinland/item/6511-thaifruit.html

## အိန္ဒိယစားသုံးသူများအတွက် ဩစတြေးလျနှင့် ဘရာဇီးလ်နိုင်ငံတို့မှ ပဲစင်းငုံစိုက်ပျိုးသွားမည်

နှစ်အနည်းငယ်တိုင်အောင် ပြည်တွင်းပဲထုတ်လုပ်မှုထက် စားသုံးမှုပိုမိုများပြားနေသော အိန္ဒိယစားသုံးသူဈေးကွက် အတွက် ဩစတြေးလျနှင့် ဘရာဇီးလ်နိုင်ငံမှ တောင်သူများသည် ပဲစင်းငုံကို စမ်းသပ်စိုက်ပျိုးသွားမည် ဖြစ်ပါကြောင်း The Economic Times သတင်းစာတွင် ဖော်ပြထားပါသည်။

ဩစတြေးလျစိုက်ပျိုးရေးဝန်ကြီး Murray Watt နှင့် အိန္ဒိယစားနပ်ရိက္ခာဝန်ကြီးဌာနမှ အဆင့်မြင့် အရာရှိကြီးများနှင့် အိန္ဒိယပဲမျိုးစုံနှင့် ကောက်ပဲသီးနှံအသင်း (Indian Pulses and Gains Association -IPGA)မှ ကိုယ်စားလှယ်များ မကြာခင်က တွေ့ဆုံခဲ့ကြပါကြောင်းနှင့် ဩစတြေးလျပဲကုန်သည်အသင်း၏ အကူအညီနှင့်အတူ ဩစတြေးလျနိုင်ငံ၊ Queensland ပြည်နယ်တွင် ပဲစင်းငုံစိုက်ပျိုးနိုင်ရေးအတွက် IPGA မှ လိုအပ်သည်များ ပံ့ပိုးဆောင်ရွက်ပေးရန် ဆုံးဖြတ်ခဲ့ကြသည်ဟု အဆင့်မြင့်အရာရှိကြီးများထံမှ သိရှိရပါကြောင်း၊ ထိုအပြင် ဩစတြေးလျနိုင်ငံသည် အိန္ဒိယနိုင်ငံသို့ ကုလားပဲအများဆုံး တင်သွင်းနိုင်ငံတစ်နိုင်ငံဖြစ်သော်လည်း ယခုအခါ အိန္ဒိယသည် ကုလားပဲအားတင်သွင်းခြင်းမရှိတော့သဖြင့် ပဲစင်းငုံအား စိုက်ပျိုးသင့်သည်ဟု ဩစတြေးလျ လုပ်ငန်းရှင်များကို အကြံပြုခဲ့သည်ဟုလည်း အဆင့်မြင့်အရာရှိကြီးက The Economic Times သတင်းစာသို့ ပြောကြားထားကြောင်း ဖော်ပြထားပါသည်။

IPGA ၏ အမှုဆောင်အရာရှိဖြစ်သူ Satish Upadhyay ကလည်း ဩစတြေးလျနိုင်ငံသည် ၂၀၁၉ ခုနှစ် ကတည်းက ပဲစင်းငုံကို စမ်းသပ်စိုက်ပျိုးခဲ့ပြီးဖြစ်ပါကြောင်းနှင့် အရည်အသွေးမှာ ကောင်းမွန်မှုရှိပါကြောင်း၊ သို့ရာတွင် အိန္ဒိယနိုင်ငံရှိ ပဲဈေးနှုန်းများမှာ ၎င်းတို့အတွက် ဆွဲဆောင်နိုင်မှုမရှိသဖြင့် ဆက်လက်စိုက်ပျိုးခြင်း မရှိခဲ့ပါကြောင်း၊ ယခုအခါ အိန္ဒိယ ဈေးကွက်အတွက် ပဲစင်းငုံကို ပြန်လည်စိုက်ပျိုးသွားမည်ဖြစ်ပါကြောင်း၊ သို့ရာတွင် ဩစတြေးလျဘက်မှ အိန္ဒိယအစိုးရ၏ အမှာစာများ ခိုင်မာမှုရှိစေလိုကြပါကြောင်းနှင့် သို့မှသာ ပဲစင်းငုံစိုက်ပျိုးမှုအစီအစဉ်မှာ အောင်မြင်မှုရရှိနိုင်မည်ဖြစ်ကြောင်း၊ အခြားတစ်ဘက်တွင်လည်း အိန္ဒိယနိုင်ငံ၏ ပဲစင်းငုံထုတ်လုပ်မှုနှင့် စားသုံးမှုအကြားကွာဟချက်မှာ တန်ချိန် ၁၇ သိန်းခန့် ရှိသဖြင့် ပဲစင်းငုံရောင်းချသူ မည်သူ မဆိုအတွက် ဈေးကွက်မှာခိုင်မာမှုရှိသည်ဟု အရာရှိကြီးက ပြောကြားထားကြောင်းလည်း ဖော်ပြထားပါသည်။

ယခုနှစ်အစောပိုင်းတွင်လည်း IPGA သည် ပဲစင်းငုံစိုက်ပျိုးမှုကိုကူညီရန်အတွက် ဘရာဇီးလ်နှင့် သဘောတူညီချက်

လက်မှတ်ရေးထိုးခဲ့ပါကြောင်းနှင့် ပဲစင်းငုံသည် ဘရာဇီးနိုင်ငံအတွက် သီးနှံအသစ်ဖြစ်ကြောင်း The Economic Times ကဖော်ပြထားပါသည်။

The Economic Times သတင်းစာတွင် ဖော်ပြချက်များအရ အိန္ဒိယနိုင်ငံသည် ပဲစင်းငုံလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန်အတွက် နည်းလမ်းမျိုးစုံရှာဖွေလျက်ရှိပြီး ဖြစ်နိုင်ခြေအလားအလာရှိသည့် နိုင်ငံများနှင့် ဆွေးနွေးညှိနှိုင်း၍ သဘောတူညီမှုများ ရယူဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရပါသည်။ လတ်တလောတွင် သြစတြေးလျနှင့်ဘရာဇီးလ်တို့မှာ ပဲစင်းငုံကို စမ်းသပ်စိုက်ပျိုးမည့်အဆင့်သာရှိသေးသဖြင့် စိုးရိမ်စရာမရှိသော်လည်း ပဲဈေးကွက်ခိုင်မာမှုရှိ၍ အဆိုပါနိုင်ငံများမှ ခေတ်မီနည်းပညာများနှင့်ပေါင်းစပ်ပြီး ပဲစင်းငုံ အမြောက်အမြား စိုက်ပျိုးထုတ်လုပ်လာမည်ဆိုပါက မြန်မာနိုင်ငံ၏ ပဲစင်းငုံဈေးကွက်အပေါ် သက်ရောက်မှုများ ရှိလာနိုင်သဖြင့် လေ့လာစောင့်ကြည့်သင့်ပါကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

Source : Australia, Brazil to grow Arhar dal for Indian Consumers, The economic Times, 14 July 2023.

(မျိုးမြင့်မောင်၊ စီးပွားရေးသံမှူး၊ နယူးဒေလီမြို့)

Source: https://myantrade.gov.mm/article/STP(Ygn)%2017072023%2015:02

## EV (Electric Vehicle) ကဏ္ဍအတွက် Chip ပြတ်လပ်မှု ထပ်မံကြုံတွေ့နိုင်ဖွယ်ရှိ

အမေရိကန်-တရုတ် ကုန်သွယ်ရေးအငြင်းပွားမှု၏ ရလဒ်အဖြစ် သတ္တုအမျိုးအစား (၂) ခု တင်ပို့ခြင်း အပေါ် ကန့်သတ်လိုက်သည့် တရုတ်၏ မကြာသေးမီက ချမှတ်လိုက်သည့် ဆုံးဖြတ်ချက်အရ EV (Electric Vehicle) ထုတ်လုပ်သူများအတွက် Chip ပြတ်လပ်မှု ထပ်မံကြုံတွေ့နိုင်ဖွယ်ရှိကြောင်း ထိုင်းစက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်က ပြောကြားလိုက်ပါသည်။

Chip နှင့် EV စက်မှုလုပ်ငန်းများတွင် အသုံးပြုသော Gallium နှင့် Germanium ပစ္စည်းများအား ကုန်သွယ်မှုအပေါ် ဩဂုတ် ၁ ရက်နေ့မှစ၍ ထိန်းချုပ်မှုများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဘေဂျင်း ထုတ်ပြန်ချက်ကြောင့် ကမ္ဘာလုံးဆိုင်ရာ ထောက်ပံ့မှုကွင်းဆက်အပေါ် အနှောင့်အယှက်ဖြစ်နိုင်သကဲ့သို့ ဝါရှင်တန် နှင့် ကုန်သွယ်မှုပဋိပက္ခကို ပြင်းထန်လာစေနိုင်မည်ဟု မျှော်လင့်ရကြောင်း မီဒီယာများက ထုတ်ပြန်ကြပါသည်။

တရုတ်အစိုးရက ယင်းသို့ဆောင်ရွက်ခြင်းသည် အမျိုးသားလုံခြုံရေးကို ကာကွယ်ခြင်းဖြစ်သည်ဟု ပြောဆိုထားသော်လည်း သုံးသပ်သူများက တရုတ်၏ နည်းပညာများ တိုးတက်မှုအပေါ် အမေရိကန်၏ ကြိုးပမ်းလာမှုကို တုန့်ပြန်ခြင်းဖြစ်နိုင်သည်ဟု ရှုမြင်ကြပါသည်။

Chip ပြတ်လပ်မှုသည် ထိုင်းနိုင်ငံ၌ မတ်လအတွင်းတွင် သက်သာခဲ့သဖြင့် မော်တော်ယာဉ် ထုတ်လုပ်သူများ၏ ထုတ်လုပ်မှုအတွက်လိုအပ်သော တစ်ပိုင်းလျှပ်ကူးပစ္စည်းများ (Semiconductors) အပေါ် စိုးရိမ်မှု လျော့ကျသွားခဲ့ပါကြောင်း၊ EV နှင့် လျှပ်စစ်စက်မှုလုပ်ငန်းအများစုသည် Chip ပြတ်လပ်မှုကို စိုးရိမ်ကြသဖြင့် ထိုင်းစက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်က ရှားပါးမှုကန့်သတ်ချက်များ၏ သက်ရောက်မှုများအပေါ် စောင့်ကြည့်နေကြောင်း အသင်းချုပ်၏ ဥက္ကဋ္ဌ ဖြစ်သူ Mr. Kriengkrai Thiennukul က ပြောကြားပါသည်။

သတ္တုအမျိုးအစား ၂ မျိုးလုံးသည် EV လုပ်ငန်းတွင် အသုံးပြုပါကြောင်း၊ အချို့ ကုမ္ပဏီများသည် ကုန်ကြမ်းပစ္စည်းများ သိုလှောင်ထားကြပြီး ၂-၃ လ အတွက် အသုံးပြုရန်ပစ္စည်းများ လုံလောက်နေပြီ ဖြစ်ကြောင်း၊ Chip ပြတ်လပ်မှုသည် ထိုင်းမော်တော်ယာဉ် ထုတ်လုပ်သူများအား ယခုနှစ် ထုတ်လုပ်မည့် လျာထားအရေအတွက်သို့ ရောက်ရှိရန် ခက်ခဲစေမည်ဖြစ်ကြောင်း၊ စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၏ မော်တော်ယာဉ်စက်မှုအသင်း၏ ၂၀၂၃ ခုနှစ် မော်တော်ယာဉ်ထုတ်လုပ်မည့် မျှော်မှန်းအရေအတွက် သည် EV အပါအဝင် အစီးရေ ၁.၉၅ သန်းဖြစ်ကြောင်း၊ တင်ပို့သွားမည့် မော်တော်ယာဉ်မှာ အစီးရေ ၁.၀၅ သန်းဖြစ်ကြောင်း Mr. Kriengkrai က ပြောကြားပါသည်။

Source:www.bangkok post. gov

( စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့)

Source:https://myantrade.gov.mm/article/Naypyitawstp_180720230852

# STOCK EXCHANGE (18.7.2023)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 18th Jul. 2023

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 35,721 (Shares) | 69,896,700 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,200 | +200 | +2.50% | 8,000 | 8,200 | 8,000 | 632 | 5,057,800 | 33,109,694 | 271,500 |
| MTSH | 00002 | 2,800 | +0 | +0.00% | 2,800 | 2,800 | 2,800 | 2,888 | 8,086,400 | 38,929,150 | 109,002 |
| MCB | 00003 | 7,100 | -200 | -2.74% | 7,100 | 7,100 | 7,100 | 81 | 575,100 | 10,400,986 | 73,847 |
| FPB | 00004 | 1,550 | +0 | +0.00% | 1,500 | 1,550 | 1,500 | 18 | 27,750 | 29,664,613 | 45,980 |
| TMH | 00005 | 2,450 | +0 | +0.00% | 2,450 | 2,450 | 2,450 | 10 | 24,500 | 12,823,224 | 31,417 |
| EFR | 00006 | 2,450 | +0 | +0.00% | 2,450 | 2,450 | 2,450 | 0 | 0 | 19,977,223 | 48,944 |
| AMATA | 00007 | 5,000 | +0 | +0.00% | 4,800 | 5,000 | 4,800 | 234 | 1,123,600 | 10,497,598 | 52,488 |
| MAEX | 00008 | 1,750 | +0 | +0.00% | 1,700 | 1,750 | 1,700 | 31,858 | 55,001,550 | 23,804,946 | 41,659 |


## Market summary

As of 18th Jul. 2023

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 357.78 | +2.41 | +0.68% | 353.95 | 357.78 | 353.48 | 35,721 | 69,896,700 | 8 | 674,837 |

**Index chart**




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 18th Jul. 2023

| Trading Volume | Trading Value |
|---|---|
| 35,721 (Shares) | 69,896,700 (MMK) |

## Main Board

As of 1:00 pm, 18th Jul. 2023

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 35,721 (Shares) | 69,896,700 (MMK) |

| MYANPIX | 357.78 ▲ 2.41 |
|---|---|
| Total Volume (shares) | 35,721 |
| Total Value (MMK) | 70 mil |
| Listed Company | 8 |
| Market Cap. (MMK) | 674,837 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,200 | ▲ 200 |
| MTSH | 00002 | 2,800 | ▲ 0 |
| MCB | 00003 | 7,100 | ▼ 200 |
| FPB | 00004 | 1,550 | ▲ 0 |
| TMH | 00005 | 2,450 | ▲ 0 |
| EFR | 00006 | 2,450 | ▲ 0 |
| AMATA | 00007 | 5,000 | ▲ 0 |
| MAEX | 00008 | 1,750 | ▲ 0 |